# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 6, 2024 Volume 82, Number 5

| ၆.၉.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၇.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၃.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၄.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၅၄၇ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ယခုနှစ်တွင် သကြားထွက်ရှိမှုလျော့ကျနိုင်ဟုဆို



ယခုနှစ် သကြားရာသီတွင် သကြားစက်ရုံ အပြည့်လည်ပတ်နိုင်မှုမရှိသည့်အတွက် သကြားထွက်ရှိမှု လျော့ကျနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှ သိရသည်။

"အခုလက်ရှိလည်း သကြားကတင်ပို့နေပါတယ်။ ဒီနှစ်မှာ သကြားစက်ရုံတစ်ရုံ တိုးချဲ့လည်ပတ်ဖို့ရှိတယ်။ ဒီနှစ်သကြားထွက်ရှိနိုင်မှုကို ပြောရမယ်ဆိုရင် အပြည့်အဝ တော့မဟုတ်ဘူး။ ၅၀ ရာခိုင်နှုန်းလောက်တော့ လျော့သွားမှာပေါ့"ဟု မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပေါ်ပြူလာ နယူးစ်သို့ပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကြံစိုက်ဧက လေးသိန်းသုံးသောင်းကျော်ရှိပြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့်တောင်ပိုင်း၊ စစ်ကိုင်းနှင့်ပဲခူးတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးနေခြင်း ဖြစ်သည်။

အဆိုပါ ကြံစိုက်ပျိုးရာ အနီးတစ်ဝိုက်ဒေသများ၌ သကြားစက်များ တည်ထားလေ့ ရှိပြီး ပြည်တွင်း၌ ကြံကြိတ်ခွဲရာသီမှာ ဒီဇင်ဘာလမှ ဧပြီလအထိဖြစ်ကြောင်း သိရသည်။ ပြည်တွင်း၌ သကြားစက်ပေါင်း ၂၃ ခုကျော်ရှိပြီး လက်ရှိတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သကြားစက်အချို့မှအပ ကျန်စက်များအားလုံး လုပ်ငန်း လည်ပတ်နေခြင်း ဖြစ်သည်။

မြန်မာ့သကြားကို ပြည်ပတင်ပို့မှုအနေဖြင့် နှစ်စဉ် ဗီယက်နမ်သို့ သကြားတန်ချိန် ၇ သောင်းကနေ ၉ သောင်းခန့်အထိ တင်ပို့လျက်ရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံမှသာ ပြည်ပသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## မန္တလေးဈေးကွက်အတွင်း ပြည်ပဝယ်ယူမှုများပြားသဖြင့် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေးဈေးကွက်တွင် ပြည်ပဝယ်ယူမှုများပြားသဖြင့် ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲစင်းငုံ(ဖြူ)ကို ယခုလက်ရှိတွင် တရုတ်နိုင်ငံက ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က ပဲစင်းငုံ(ဖြူ) အရောင်းအဝယ်မှာ မန္တလေးဈေးကွက်အတွင်း၌ ပုံမှန်အနေအထားတွင်ရှိနေကြောင်း၊ ယခု ပဲစင်းငုံ(ဖြူ)များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲစင်းငုံ(ဖြူ)တွေကို ပြည်ပအပြင် ပြည်တွင်းကကုန်သည်တွေပါ ဝယ်ယူမှုတော်တော်လေးများလာပြီး ဈေးကွက်ထဲ အရောင်းအဝယ်က အရင်ကထက် ပိုပြီးကောင်းလာတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။ မန္တလေးဈေးကွက်တွင် စက်တင်ဘာလ ၄ ရက် ပေါက်ဈေးအရ ပဲစင်းငုံ(ဖြူ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၄၇၀,၀၀၀ ထိပေါက်ဈေးရှိခဲ့ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲစင်းငုံ(ဖြူ)တွေ အရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံကလဲ အခုတစ်လော အဝယ်ပြန်များလာတယ်။ အရင်က တရုတ်နိုင်ငံကလဲ မဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲစင်းငုံ(ဖြူ)တွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်မတ်ပဲများကို မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်မြို့ကို ဩဂုတ်လထဲမှာ မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါသည်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူ အားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်ကလဲ ကောင်းလာတာဖြစ်ပါတယ်။ မတ်ပဲကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံးတင်ပို့ရောင်းချတာပါ"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။ ထိုသို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ကျပ် ၁၃၅,၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလောက် ပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလောက် ပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းပြောသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးသလောက် ပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးသလောက်တွေကို ဩဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၈၂,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေက လတ်ဆတ်မှုရှိပါတယ်။ အခုလထဲမှာလဲ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။ လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ကျပ် ၂၀,၅၀၀၊ အလတ် တစ်ပိဿာလျှင် ကျပ် ၃၅,၅၀၀ မှ ၄၅,၅၀၀၊ အကြီးတစ်ပိဿာလျှင် ကျပ် ၆၅,၀၀၀ မှ ၁၁၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ အဆိုပါငါးသလောက်များ ပုံမှန်တင်ပို့ရောင်းချရသည့်အတွက် ရေလုပ်သားများ ကုန်သည်များ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဆက်လက်အရောင်းအဝယ်အေးနေ

ပြည်တွင်းဒေါ်လာဈေး တည်ငြိမ်နေပြီး ငွေဈေးကျဆင်းနေသောကြောင့် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဆက်လက်ဈေးကျဆင်းနေကြောင်း ပဲ၊နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်းဒေါ်လာဈေးမှာ သီတင်းတစ်ပတ်ခန့် ကျဈေးဖြင့်တည်ငြိမ်နေရာ စက်တင်ဘာ ၄ ရက်တွင် ဝယ်ရောင်းဈေး အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၅၆၀၀ ဝန်းကျင် ပြင်ပပေါက်ဈေးရှိနေပြီး ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲများ ဆက်လက်ဈေးကျဆင်းလာခြင်းဖြစ်သည်။

မန္တလေးပဲ၊ နှမ်းကုန်စည်ဒိုင်တွင် ပွဲစားကုန်သည်များ အရောင်းအဝယ် ငွေပေးချေမှု၊ တင်ပို့စရိတ်များနှင့် ရက်ကြာမြင့်မှုများကြောင့် အရောင်းအဝယ်တစ်ခုနှင့်တစ်ခု လုပ်ငန်းပြီးမြောက်မှု နှေးလာသောကြောင့်လည်း ဈေးကွက်တစ်ခုလုံးခပ်အေးအေးဖြစ်နေသည်။

ဒေါ်လာငွေဈေးအကျနှင့် တည်ငြိမ်နေသလို အရောင်းအဝယ် ငွေပေးချေမှုတွေမှာလည်း ရက်ကြာမြင့်မှုတွေရှိနေတော့ အရောင်းအဝယ်အေးသွားခြင်းဖြစ်ကြောင်း၊ လက်ရှိမှာ ပို့ကုန်ပဲတွေ ဈေးကျဆင်းတော့ အခြားပဲတွေလည်း လိုက်ပါကျဆင်းလာခြင်းဖြစ်ကြောင်း၊ ပဲ၊ နှမ်းကုန်စည်ဒိုင်တွင် ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲများပါ ဈေးသိပ်မပြတ်ဘဲ အရောင်းအဝယ်အေးကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

“လက်ရှိဈေးကွက်မှာ ပို့ကုန်ပဲတွေ ဈေးကျဆင်းနေသလို ပြည်တွင်းသုံး ကုလားပဲတွေပါ ဈေးမပြတ်ဖြစ်နေတာပါ။ ရန်ကုန်-မန္တလေး အရောင်းအဝယ် တင်ပို့မှုတွေမှာရော ငွေပေး၊ ငွေချေရာမှာပါ နှေးနေတော့ ပွဲစားကုန်သည်တွေ အလုပ်သိပ်မဖြစ်ဘူး။ ဒီတော့ ဈေးကွက်တစ်ခုလုံးက အေးနေတဲ့သဘောဖြစ်နေတာပါ။ ပို့ကုန် ပဲစင်းငုံဆိုရင် တစ်အိတ် ကျပ် ၅၀၀,၀၀၀ အောက်ကျဆင်းသွားပါတယ်။ ပြည်တွင်းသုံး ကုလားပဲတွေလည်း ဈေးကျဆင်းနေပါတယ် ”ဟု ၎င်းကပြောသည်။

စက်တင်ဘာ ၅ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ကျပ် ၃၈၅ ၀၀၀(ဟောင်း)၊ မတ်ပဲ(ရေသွင်းသစ်)ကျပ် ၃၆၅,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ကျပ် ၄၈၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ကျပ် ၂၅၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်တင်ပို့မှု အဝယ်အေးသွားသောကြောင့် ဈေးနှုန်းအနည်းငယ် ဆက်လက်ဈေးကျဆင်းသွားရာ ကုလားပဲ V2တစ် အိတ်လျှင် ကျပ် ၃၀၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၃၇၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မိုးမြေပဲများ ဒေသစုံ အဝင်များလာသော်လည်း ဈေးဆက်လက် ကျဆင်းမှုမရှိတော့ဘဲ ဈေးတည်ငြိမ်နေရာ စက်တင်ဘာ ၅ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ကျပ် ၂၆၀,၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ကျပ် ၄၂၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ကျပ် ၃၇၀,၀၀၀၊ ကုန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၄၂၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၈၀၀-၉၄၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၁၈,၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းဈေးကွက်တွင် နှမ်းနက်တစ်မျိုးသာ ဈေးဆက်လက်မြင့်တက်နေပြီး အခြားနှမ်းများ ဈေးတည်ငြိမ်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး အနည်းငယ်ကျဆင်းလာရာ နှမ်းနက်(စမုန်) တစ်အိတ်လျှင် ကျပ် ၅၆၅,၀၀၀၊ (အက်စစ်လွတ်) ၆၇၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၄၅၀,၀၀၀၊ နှမ်းဖြူရိုးရိုးတစ်အိတ်လျှင် ကျပ် ၄၀၀,၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ကျပ် ၂၇၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်နိုင်ငံအနေဖြင့် ကနေဒါ သွင်းကုန်များအပေါ် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်

တရုတ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာ ပြည်တွင်းဥပဒေများအပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စည်းမျဉ်းများနှင့်အညီ ကနေဒါနိုင်ငံမှ မုဒိန်းစေ့ (rapeseed) တင်သွင်းမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု တစ်ရပ်ကို စတင်တော့မည်ဖြစ်ကြောင်း တရုတ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများ၏ တောင်းဆိုမှုများအရ ကနေဒါနိုင်ငံမှ ဓာတုဗေဒထုတ်ကုန်များအတွက် စုပုံတင်ပို့မှုတုံ့ပြန်သည့် စုံစမ်းစစ်ဆေးမှု (anti-dumping investigation) တစ်ရပ်ကို စတင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ အွန်လိုင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကနေဒါအစိုးရအနေဖြင့် တရုတ်ထုတ် (EVs) လျှပ်စစ်ကားများအပြင် တရုတ်နိုင်ငံမှ တင်သွင်းသည့် သံမဏိနှင့် အလူမီနီယံထုတ်ကုန်များအပေါ် စည်းကြပ်ခွန်အသစ်များအပါအဝင် တင်းကျပ်တဲ့အစီအမံများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ်လနှောင်းပိုင်းတွင် ကြေညာခဲ့ခြင်း ဖြစ်သည်။

အဆိုပါကြေညာချက်နှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ကုမ္ပဏီများအတွက် တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် လိုအပ်သည့်အစီအမံအားလုံးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတိပေးပြောဆိုခဲ့သည်။

ကနေဒါသည် တရုတ်နိုင်ငံ၏ သွင်းကုန်များအပေါ် ခွဲခြားဆက်ဆံမှု၊ တစ်ဖက်သတ် ကန့်သတ်ချက်များ ချမှတ်ထားမှုကြောင့် တရုတ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာ ကနေဒါ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှု စတင်မည်ဖြစ်ပြီး ပကတိအခြေအနေများကိုအခြေခံ၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**အရင်းမြစ်။** **http://www.chinadaily.com.cn/a/202409/03/WS66d68430a3108f29c1fc9d9b.html**

**လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး**

**တရုတ်နိုင်ငံ၊ ကူမင်းမြို့။**

https://myantrade.gov.mm/

## တရုတ်ကုန်ပစ္စည်းများအား စည်းကြပ်ခွန် ထပ်တိုးသတ်မှတ်မှုအားလုံးကို ရုပ်သိမ်းပေးရန် အမေရိကန်နိုင်ငံအား တရုတ်နိုင်ငံ တိုက်တွန်း

အမေရိကန်နိုင်ငံအနေဖြင့် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များကို ပြန်လည်ပြင်ဆင်ကာ တရုတ်ကုန်ပစ္စည်းများအား စည်းကြပ်ခွန် ထပ်တိုးသတ်မှတ်မှုအားလုံးကို ချက်ချင်းဖယ်ရှားပေးသင့်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၅ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက တရုတ်နိုင်ငံမှ သွင်းကုန်များအား ပုဒ်မ ၃၀၁ အရ စည်းကြပ်ခွန်တိုးမြှင့်မှုနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကိုကြေညာရန် မကြာသေးမီက ထပ်မံရွှေ့ဆိုင်းခဲ့သည့်အပေါ် သတင်းမီဒီယာတစ်ခု၏ မေးမြန်းမှုအား ပြန်လည်ဖြေကြားရာတွင် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဟဲယုံချန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပုဒ်မ ၃၀၁ အရ စည်းကြပ်ခွန် သတ်မှတ်မှုများသည် WTO ၏ စည်းမျဉ်းများကို ချိုးဖောက်နေသည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) က ဆုံးဖြတ်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံအား စည်းကြပ်ခွန် ထပ်မံတိုးမြှင့်မည့် လုပ်ဆောင်ချက်သည် အမှားကို ပိုဆိုးရွားစေရုံသာရှိလိမ့်မည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်ကဆိုသည်။

အမေရိကန်နိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးသည် ပုဒ်မ ၃၀၁ စည်းကြပ်ခွန်သတ်မှတ်မှုအား ပြန်လည်သုံးသပ်သည့် ရလဒ်များနှင့်ပတ်သက်၍ ယခင်က လူထုသဘောထား တောင်းခံခဲ့ရာတွင် သဘောထားအမြင် အများစုက စည်းကြပ်ခွန် ထပ်တိုးသတ်မှတ်ခြင်းကို ဆန့်ကျင်ကြောင်း သို့မဟုတ် ပိုမိုကျယ်ပြန့်သည့် သွင်းကုန်ကင်းလွတ်ခွင့်များပေးရန် မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

"ပုဒ်မ ၃၀၁ အရ သွင်းကုန်စည်းကြပ်ခွန် သတ်မှတ်မှုတွေက အမေရိကန်လူထုအကြားမှာ လူကြိုက်မများဘူးဆိုတာကို အဲဒီအချက်က ညွှန်ပြနေတယ်"ဟု တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

**Source:** https://xinhuamyanmar.com/mm

## STOCK EXCHANGE (6.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Search...

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 2,474 | 22,021,800 | 33,109,694 | 297,987 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 90 | 310,500 | 38,929,150 | 134,306 |
| MCB | 00003 | 9,200 | +0 | +0.00% | 8,600 | 9,200 | 8,600 | 3 | 26,400 | 10,400,986 | 95,689 |
| FPB | 00004 | 1,850 | +100 | +5.71% | 1,800 | 1,850 | 1,800 | 24,033 | 43,259,450 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 429 | 1,201,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 696 | 1,191,200 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 27 | 124,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 20 | 68,000 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Search...

Home > Main Board > Market Data > Market summary

### Market summary

As of 6th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.10 | +2.70 | +0.65% | 413.19 | 415.10 | 409.35 | 27,772 | 68,202,750 | 8 | 782,953 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 1:00 pm, 6th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

| MYANPIX | 415.10 ▲ 2.70 |
|---|---|
| Total Volume (shares) | 27,772 |
| Total Value (MMK) | 68 mil |
| Listed Company | 8 |
| Market Cap. (MMK) | 782,953 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 9,200 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 100 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,400 | ▼ 50 |

TIR